IOM International Organization for Migration

# ရွှေ့ပြောင်းအလုပ်သမားများအတွက် အသိပေးကြေငြာချက်

## ထုတ်ဝေချက် ၆ – ဇူလိုင် ၂၀၁၀

၂၀၀၉ခုနှစ်ဇွန်လတွင်ထိုင်းတော်ဝင်အစိုးရမှကမ္ဘောဒီးယား၊လာအိုနှင့် မြန်မာ/ဗမာနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများအတွက်သတ္တမနှင့်နောက်ဆုံးအကြိမ်မြောက်နှစ်စဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် မြန်မာ/ဗမာနိုင်ငံသားများ၏ နိုင်ငံသားစိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ် (Nationality Verification/ နိုင်/စစ်) အကောင်အထည်ဖော်ဆောင်ရွက်မှု စတင်ပြီးနောက် ရွှေ့ပြောင်း အလုပ်သမားများနှင့် စပ်လျဉ်းသောစည်းမျဉ်းသတ်မှတ်ချက်များအား တိုးချဲ့ထုတ်ဖော်မှုများ ရှိခဲ့ပါသည်။ လုပ်ငန်းစဉ်တွင် ပြောင်းလဲတိုးချဲ့ ထုတ်ဖော်မှုများကို အကောင်အထည်ဖော်နိုင်ရန် နောက်ဆုံးသတ်မှတ်ရက်များ ကိုလည်း အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်/စစ်လုပ်ငန်း လျှောက်ထားရမည့် မူလ နောက်ဆုံးသတ်မှတ်ရက်မှာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက် ဖြစ်သည် (သို့ရာတွင် အများပြည်သူအားလပ်ရက် ရှိသောကြောင့် ၂၀၁၀ မတ်လ၂ရက်အထိ၊သက်ဆိုင်သောနိုင်/စစ်စာရွက်စာတမ်းများ နောက်ဆုံးထားပေးပို့ရန် ၂၀၁၀မတ်လ၃၁ရက်အထိရက်ကာလတိုးမြှင့်ပေးခဲ့ပါသည်)။ထို့အပြင် နိုင်/စစ်လုပ်ငန်းစဉ် ပြီးစီးရန် နောက်ဆုံးသတ်မှတ်ရက်ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက် မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ၂၈ရက် အထိ မကြာသေးမီက တိုးမြှင့်ခဲ့ပြန်ပါသည်။ ၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း အလုပ်လုပ်ကိုင်ရန် ခွင့်ပြုချက် (Work Permit) အသစ်ရရှိသူ (သို့) အသစ်လဲလှယ်ပြီးသူ၊ နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်နိုင်သည့် ရွှေ့ပြောင်းသူများ ဦးရေ (၁.၃) သန်းခန့် ရှိပါသည်။ ထို (၁.၃) သန်းမှ တစ်သန်းကျော်သာ နိုင်/စစ် လုပ်ငန်းစဉ် လျှောက်ထားခဲ့ကြပြီး သက်ဆိုင်သော နိုင်/စစ် စာရွက်စာတမ်းများအား ၂၀၁၀ မတ်လ ၃၁ ရက်နေ့ နောက်ဆုံး ထား၍ ပေးပို့ခဲ့ကြပါသည်။

ယခုအချိန်တွင်နိုင်/စစ်လုပ်ငန်းစဉ်လျှောက်လွှာတင်ပြီးခဲ့ကြသောရွှေ့ပြောင်းသူတစ်သန်းကျော်အတွက်၂၀၁၂ခုနှစ်ဖေဖော်ဝါရီလထက်နောက်မကျဘဲ လုပ်ငန်းစဉ် ပြီးဆုံးသည်အထိ ဆောင်ရွက်နိုင်ရန်နှင့်နိုင်/စစ်လျှောက်ထားရန်နောက်ဆုံးရက်ကိုမမီလိုက်သော ရွှေ့ပြောင်း

*အလုပ်သမားများ၏အခြေအနေအား ဖြေရှင်းရန်နည်းလမ်းများရှာဖွေနေမှုတို့ကိုအထူး ဂရုပြု၍ဆောင်ရွက်နေကြပါသည်။ဤကြေငြာချက်တွင်၂၀၁၀ခုနှစ်ဧပြီလကုန်ပိုင်းမှ ဇွန်လ ကုန်ပိုင်းအတွင်းနိုင်/စစ်လုပ်ငန်းစဉ်စည်းမျဉ်းများနှင့်ပတ်သက်သော နောက်ဆုံး အခြေအနေများ ပါဝင်သည်။*

- **လျှို့ဝှက်လုပ်ကိုင်နေကြသော နိုင်ငံခြားသားအလုပ်သမားများအား နှိမ်နင်းခြင်း၊ ဖမ်းဆီးခြင်း နှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရန် အထူးဌာနတစ်ခုဖွဲ့စည်းခြင်း**

၂၀၁၀ခုနှစ် ဇွန်လ၂ရက်နေ့တွင်ဝန်ကြီးချုပ်အဘီဆစ်ဝိချာချီဝ (Abhisit Vejjajiva) ကထိုင်းနိုင်ငံအတွင်းတရားမဝင် ဝင်ရောက်ပြီး လျှို့ဝှက်အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသားအလုပ်သမားများအား“နှိမ်နင်းခြင်း၊ဖမ်းဆီးခြင်းနှင့်တရားစွဲဆိုခြင်းများ ဆောင်ရွက်ရန်အတွက်အထူးဌာနတစ်ခုဖွဲ့စည်းသည့်”အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ယင်းဌာနတွင်ဒု-ဝန်ကြီးချုပ်ဦးဆောင်သောစီမံ အုပ်ချုပ်မှုဗဟိုကော်မတီတစ်ခု ပါဝင်သည်။ ထို့အပြင် လျှို့ဝှက်အလုပ်လုပ်ကိုင် နေကြသော နိုင်ငံခြားသားအလုပ်သမားများအား စုံစမ်းစစ်ဆေးခြင်း၊ နှိမ်နင်းခြင်း၊ ဖမ်းဆီးခြင်းနှင့်တရားစွဲဆိုခြင်း လုပ်ငန်းများ လုပ်ဆောင်ရန် ဘန်ကောက်မြို့တွင်း၊ အလယ်ပိုင်းနှင့်အရှေ့ပိုင်းဒေသများ၊အရှေ့မြောက်ပိုင်း ဒေသ၊ မြောက်ပိုင်းဒေသနှင့် တောင်ပိုင်းဒေသတို့တွင်လုပ်ငန်းအဖွဲ့(၅)ဖွဲ့ဖွဲ့စည်းခဲ့သည်။ဤအခြေအနေမှာနိုင်/စစ် လုပ်ငန်းစဉ်လုပ်ဆောင်ရန်ပျက်ကွက်ခဲ့ပြီးထိုင်းနိုင်ငံတွင်လက်ရှိတရားမဝင်အလုပ်လုပ် ကိုင်နေသောရွှေ့ပြောင်းအလုပ်သမားများအားတရားဥပဒေအရအရေးယူဆောင်ရွက်မှု ပင်ဖြစ်သည်။

- **ရနောင်းပြည်နယ်တွင် တရားမဝင်နိုင်ငံခြားသားအလုပ်သမားများအား စည်းကမ်း ထိန်းသိမ်းခြင်းကို တိုးမြှင့်လုပ်ဆောင်ခြင်း**

၂၀၁၀ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ရနောင်းပြည်နယ်အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အလုပ်သမား ရေးရာရုံးသို့ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ၁၉၇၉ (Immigration Act 1979) နှင့် နိုင်ငံခြားသား အလုပ်သမားများ အက်ဥပဒေ ၂၀၀၈ (Alien Workers Act 2008) များအတိုင်း တိကျစွာ လိုက်နာပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားစာ (စာအမှတ်၊ ၆၀၂/၂၅၅၃) ကို လက်မှတ် ရေးထိုးခဲ့ပါသည်။ထိုညွှန်ကြားစာတွင်အထက်ဖော်ပြပါဥပဒေများကို ချိုးဖေါက်သော ရွှေ့ပြောင်းအလုပ်သမားများအားနှိမ်နင်းမည့် အထူးလုပ်ငန်းအဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ရန်ပါဝင်သည်။ထိုအထူးလုပ်ငန်းအဖွဲ့ကို (ရနောင်းပြည်နယ်အုပ်ချုပ်ရေး မှူးနှင့်အဆင့်မြင့်အစိုးရအရာရှိများဦးဆောင်သည့်) စီမံအုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့နှင့် (ပြည်နယ်ရဲ၊လဝကရဲနှင့်ခြေလျင်စစ်တပ်တို့ပါဝင်သည့်)တရားမဝင် အလုပ်သမား များအားမေးမြန်းစစ်ဆေးခြင်း၊နှိမ်နင်းခြင်း၊ဖမ်းဆီးခြင်းနှင့်တရားစွဲဆိုခြင်းများဆောင်

ရှက်မည့်အဖွဲ့တစ်ဖွဲ့ဟူ၍ခွဲခြားထားပါသည်။ ထိုအထူးလုပ်ငန်းအဖွဲ့သည်၂၀၁၀ ခုနှစ်ဇွန်လ၁ရက်မှဩဂုတ်လ၃၁ရက်နေ့အထိသုံးလကြာလုပ်ကိုင်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

၂၀၁၀ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ အထူးစစ်ဆေးဖော်ထုတ် အရေးယူသွားမည့် ပြစ်မှုများတွင်ရွှေ့ပြောင်းသူများအားတရားမဝင်လက်သင့်ခံခြင်း(သို့)နိုင်ငံအတွင်း သို့သယ်ယူပို့ဆောင်ခြင်း၊ခွင့်ပြုချက်မရဘဲအလုပ်လုပ်ကိုင်နေသော(သို့) အလုပ် လုပ်ကိုင်ရန်ခွင့်ပြုချက် (Work Permit) တွင် ပါဝင်သော သတ်မှတ်ချက်များအတိုင်း မလိုက်နာသောရွှေ့ပြောင်းသူများနှင့်အလုပ်အကိုင်ခန့်ထားရေးဌာနမှထုတ်ပေးထား သောခွင့်ပြုချက်ပါ အလုပ်ရှင် (သို့) အဖွဲ့အစည်းနှင့် မဟုတ်ဘဲ အလုပ်လုပ်ကိုင် နေသောရွှေ့ပြောင်းအလုပ်သမားများပါဝင်သည်။ပြစ်မှုကျူးလွန်သူများအားဖော်ထုတ် မိသည်နှင့်တစ်ပြိုင်နက် နိုင်ငံခြားသားများအား တရားမဝင်လက်သင့်ခံခြင်း (သို့) သယ်ယူပို့ဆောင်ခြင်းတွင်ပါဝင်သည့်နိုင်ငံခြားသားအလုပ်သမားများ၊ လုပ်ရှင်များ/ အဖွဲ့အစည်းများ(သို့)အခြားပါဝင်သူများသည်ထိုဥပဒေများအတိုင်းတိကျစွာအရေးယူ ခြင်းကို ခံရမည် ဖြစ်ပါသည်။

- **မြန်မာ/ဗမာနိုင်ငံ နှင့် ထိုင်းနိုင်ငံတို့ ရနောင်းမြို့တွင် နိုင်/စစ်ရုံး ဖွင့်လှစ်ခြင်း**

၂၀၁၀ခုနှစ်ဇွန်လ၁၀ရက်နေ့တွင်ရနောင်းမြို့၌ထိုင်းနှင့်မြန်မာ/ဗမာအာဏာပိုင်များ တွေ့ဆုံခဲ့ကြပြီးရနောင်းမြို့တွင်နိုင်ငံသားစိစစ်အတည်ပြုခြင်းနှင့် ယာယီနိုင်ငံကူး လက်မှတ်ထုတ်ပေးရာဌာနတစ်ခုဖွင့်လှစ်နိုင်ရေးဆွေးနွေးခဲ့ကြပါသည်။မုတ်သုန်ရာသီ အတွင်းမြန်မာနိုင်ငံရှိကော့သောင်းမြို့သို့ပင်လယ်ကိုဖြတ်၍ လုပ်ငန်းစဉ်ဆောင်ရွက် ကြရမည့်မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများ၏ဘေးအန္တရာယ် ကင်းဝေး စေရေးအတွက်ရည်ရွယ်ပြီးထိုအစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ အစည်းအဝေးသို့ထိုင်းနိုင်ငံ အလုပ်အကိုင်ခန့်ထားရေးရာ ဒု-ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ/ဗမာနိုင်ငံ ဆိုင်ရာ သံအမတ်ကြီးနှင့်ရနောင်းဒု-ပြည်နယ်အုပ်ချုပ်ရေးမှူးတို့ တက်ရောက်ခဲ့ကြသည်။ဌာနတစ်ခုအားရနောင်းမြို့၏အဓိကငါးဖမ်းဆိပ်ကမ်းဖြစ် သောစဖန်ပလာရွာတွင်ယခုနှစ်ဇူလိုင်လမှ အောက်တိုဘာလအထိဖွင့်လှစ်ဆောင် ရွက်ပေးသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ တစ်ရက်လျှင် အလုပ်သမားဦးရေ (၈၀၀)နှုန်း ပြီးစီးအောင် စိစစ်သွားရန် ထိုဌာနသို့ မြန်မာအရာရှိအယောက်(၂၀) ခန့်အား စေလွှတ်ခဲ့ပြီး ဖြစ်ပါသည်။

- **နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာ/ဗမာ ရွှေ့ပြောင်း အလုပ်သမားများအတွက် နယ်ဘက်၊အရပ်သား မှတ်ပုံတင် စာရွက်စာတမ်းများ**

၂၀၁၀ခုနှစ်မေလ၁၀ရက်နေ့တွင်ပြည်ထဲရေးဝန်ကြီးဌာန၊ပြည်နယ်အုပ်ချုပ်ရေးဌာန မှဗဟိုမှတ်ပုံတင်ရုံးက နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့် *ကမ္ဘောဒီးယား*၊ လာအိုနှင့်မြန်မာ/ဗမာအလုပ်သမားများအားအိမ်ထောင်စုစာရင်းများ၊ မွေးစာရင်းများ နှင့် သေဆုံးမှုလက်မှတ်များ မည်ကဲ့သို့ ထုတ်ပေးရမည်ကို အကြောင်းကြားသော ကြော်ငြာစာတစ်စောင်(မောတောအမှတ်၀၃၀၉.၁/ ၀၀၁၈)ကိုပြည်နယ်မှတ်ပုံတင်ရုံး အားလုံးသို့ ဖြန့်ချီခဲ့ပါသည်။ နိုင်/စစ်လုပ်ငန်းစဉ်ဆောင်ရွက်ပြီး ယာယီနိုင်ငံကူး လက်မှတ်/ သက်သေခံကတ်ပြားရရှိပြီးသည့်ရွှေ့ပြောင်းအလုပ်သမားများကို ‘တောရော၁၃’ဟုခေါ်သောအိမ်ထောင်စုစာရင်းတွင်ဖြည့်သွင်းထားရှိမည်ဖြစ်သည်။ ရွှေ့ပြောင်း အလုပ်သမားတစ်ဦးသည်နိုင်/စစ်လုပ်ငန်းစဉ်ဆောင်ရွက်ပြီးနောက်ပိုင်းမှ သားသမီးရရှိခဲ့လျှင်ထိုကလေးအားမူလရှိပြီးသားအိမ်ထောင်စုစာရင်းတွင် ထပ်တိုး ဖြည့်သွားမည်ဖြစ်ပြီး ‘တောရော ၃’ဟုခေါ်သော မွေးစာရင်း လက်မှတ် တစ်စောင် လက်ခံရရှိမည်ဖြစ်ပါသည်။နိုင်/ စစ်လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်ရွှေ့ပြောင်းအလုပ် သမားများသေဆုံးခဲ့ပါကမှတ်ပုံတင်ရုံးမှ‘တောရော၅’ဟုခေါ်သော သေဆုံးမှုစာရင်းကို ထုတ်ပေး သွားမည် ဖြစ်ပါသည်။

- **ရွှေ့ပြောင်းအလုပ်သမားများလုပ်ကိုင်နိုင်သည့် လုပ်ငန်းအမျိုးအစားများ**

၂၀၁၀ခုနှစ်မေလ၁၁ရက်နေ့တွင် ဝန်ကြီးများအဖွဲ့က အလုပ်သမားဝန်ကြီးဌာနမှ တင်သွင်းသော၂၀၀၈ခုနှစ်ပြည်ပလုပ်သားများအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာဥပဒေနှင့် အညီပုံမှန်ရွှေ့ပြောင်းအလုပ်သမားများလုပ်ကိုင်နိုင်သည့်အလုပ်အမျိုးအစားများဆိုင် ရာစည်းမျဉ်းမူကြမ်းအားခွင့်ပြုခဲ့ပါသည်။ဤစည်းမျဉ်းအားထုတ်ပြန်ခဲ့ပါက ပုံမှန် (တရားဝင်)အလုပ်သမားများဖြစ်သည့်အမြဲတမ်းနေထိုင်ခွင့်ရ တိုင်းရင်းသား လူမျိုးစုများနှင့်သဘောတူစာချုပ်ဖြင့်လုပ်ကိုင်နေသောရွှေ့ပြောင်းအလုပ်သမားများအ ပေါ်အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံနှင့် အခြားနိုင်ငံများအကြား သဘောတူစာချုပ်ဖြင့်လုပ်ကိုင်နေသောရွှေ့ပြောင်းသူများအားထိုင်းနိုင်ငံရှိ ပြည်နယ် များအားလုံးတွင်ကာယလုပ်သားများနှင့်အိမ်မှုလုပ်ငန်းအကူအလုပ်သမားများအဖြစ် လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။[၁]အမြဲတမ်းနေထိုင်ခွင့်ရရှိသော တိုင်းရင်းသား

---

[၁] ထိုလုပ်ငန်းအမျိုးအစားများအား ၁၉၇၈ခုနှစ်နိုင်ငံခြားသားများအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာအက်ဥပဒေ(Working of Aliens Act)ကိုပယ်ဖျက်ခဲ့သော၂၀၀၈ခုနှစ်နိုင်ငံခြားသားများအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ အက်ဥပဒေအတိုင်းသတ်မှတ်ပြဋ္ဌာန်း ထားပါသည်။၂၀၀၈ခုနှစ်နိုင်ငံခြားသားများအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာအက်ဥပဒေဖြင့် ရွှေ့ပြောင်းအလုပ်သမားများလုပ်ကိုင် နိုင်သောအလုပ်များပြဋ္ဌာန်းမည့်အရန်သတ်မှတ်ချက်များကို(ဥပမာ၊ဝန်ကြီးဌာနဆိုင်ရာသတ်မှတ်ချက်များ)ထုတ်ပြန်မည် ဖြစ်သည်။ဝန်ကြီးဌာနဆိုင်ရာစည်းမျဉ်းများနှောင့်နှေးနေစဉ်ကာလအတွင်းရွှေ့ပြောင်းအလုပ်သမားများအားယခင်အက်ဥပဒေမှ

လူမျိုးစုများသည်ကာယလုပ်သားများနှင့်ဝန်ကြီးအဖွဲ့ကပြဋ္ဌာန်းထားသော အခြား လုပ်ငန်းများလုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ဝန်ကြီးဌာန၏စည်းမျဉ်းမူကြမ်းအား နိုင်ငံတော်ကောင်စီရုံးမှပြန်လည်ဆန်းစစ်လျက်ရှိပါသည်။

- **ကမ္ဘောဒီးယားနှင့်လာအို နိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများ အတွက် နိုင်/စစ်လုပ်ငန်းစဉ် ဆောင်ရွက်မှု ပြန်လည်ဆောင်ရွက်ခြင်း**

### ကမ္ဘောဒီးယား နိုင်/စစ်လုပ်ငန်းစဉ်

နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံး၏ ၂၀၁၀ ဧပြီလ ၃၀ ရက်စွဲပါ သဘောတူစာချုပ်အရ ကမ္ဘောဒီးယားအာဏာပိုင်များမှ နိုင်/စစ်လုပ်ငန်းစဉ်အား ပြန်လည်လုပ်ဆောင်ခဲ့ပါသည်။ဘန်ကောက်မြို့အလုပ်သမားဝန်ကြီးရုံး၏ အလုပ်၏ အကိုင်ခန့်ထားရေးဌာန၊နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံးတွင်ကမ္ဘောဒီး ယားနိုင်/စစ်ရုံးကို၂၀၁၀ဇူလိုင်လ၉ရက်နေ့အထိဖွင့်လှစ်လုပ်ဆောင်ပေးလျက်ရှိပါ သည်။၂၀၁၀ဇူလိုင်လ၁၂ရက်နေ့နောက်ပိုင်းတွင်ကမ္ဘောဒီးယားနိုင်/စစ်ရုံးကို ဟုမ်းအင်တောင်း (Home in Town Village)၊ ဖဟိုယိုထင်း ၉၃လမ်း၊ ဘန်ကောက်တွင် (တနင်္လာ–သောကြာ)ဖွင့်လှစ်လုပ်ဆောင်ပေးမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမား များ(၁၀၀)ကျော်ရှိသောနိုင်/စစ်လုပ်ငန်းစဉ်ဆောင်ရွက်ပေးရမည့်အလုပ်ရှင်တစ်ဦး သည်အလုပ်သမားများအားလုံးကိုဘန်ကောက်မြို့သို့ခေါ်ဆောင်လာရန် မလိုအပ်ဘဲ ရွှေ့ပြောင်းအလုပ်သမားများအလုပ်လုပ်နေကြသောပြည်နယ်များ၌ကမ္ဘောဒီးယားအ ရာရှိများကရုံးပိတ်ရက်များတွင် နိုင်/စစ် လိုက်လံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ အခြားပြည်နယ်များ၌နိုင်/စစ်လုပ်ငန်းစဉ်ဝန်ဆောင်မှုအတွက် ကမ္ဘောဒီးယား အရာရှိများကဝန်ဆောင်ခကောက်ခံသွားမည်ဖြစ်ပါသည်။ကမ္ဘောဒီးယားအရာရှိများက နိုင်/စစ်လုပ်ငန်းစဉ်ဝန်ဆောင်မှုအား၂၀၁၂ခုနှစ်အထိဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

<u>*ကမ္ဘောဒီးယား*နိုင်ငံသားရွှေ့ပြောင်းသူများအတွက် နိုင်/စစ် လျှောက်လွှာတင်ရန် လိုအပ်သော စာရွက်စာတမ်းများ</u>

- နေထိုင်ခွင့်မှတ်ပုံတင် (တောရော ၃၈/၁) (သို့) အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက် (Work Permit) မိတ္တူ(၂) စုံ
- အလုပ်ရှင်၏ဝန်ထမ်းခွဲတမ်းမိတ္တူ(၁)စုံ(ယခုနှစ်)
- အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်အတွက် (ထိုင်းဘတ် ၁,၉၀၀) ငွေသွင်းပြေစာ မိတ္တူ (၁)စုံ

---

ကင်းလွတ်ချက်များအရကာယလုပ်သားများနှင့်အိမ်မှုလုပ်ငန်းအကူအလုပ်သမားများအဖြစ်လုပ်ကိုင်ခြင်းကိုခွင့်ပြုထားမည်ဖြစ်ပါ သည်။

- ဓါတ်ပုံ (၂) ပုံ (တစ်လက်မခွဲဆိုဒ်)

## လာအို နိုင်/စစ်လုပ်ငန်းစဉ်[၂]

နိုင်ငံကူးလက်မှတ်နှင့်ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခြင်း၊အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်လျှောက်ထားခြင်းတို့အတွက်တစ်နေရာတည်းတွင်ဆောင်ရွက်ပေးသည့်လာအိုနိုင်/စစ်ဝန်ဆောင်မှုလုပ်ငန်းဌာနများကိုထိုင်းနှင့်လာအိုအရာရှိများမှအဖွဲ့(၄)ဖွဲ့ဖြင့် ၂၀၁၀ခုနှစ်ဇူလိုင်လမှစက်တင်ဘာလအထိဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အဖွဲ့အသီးသီးမှတစ်နေ့လျှင်လူဦးရေ(၂၅၀)နှုန်းနိုင်/စစ်လုပ်ငန်းစဉ်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မည်ဟုခန့်မှန်းထားပါသည်။ဘန်ကောက်အဖွဲ့သည်ဟုမ်းအင်တောင်း (Home in Town Village)၊ ဖဟိုယိုထင်း၉၃လမ်း၊ ဘန်ကောက်မြို့၌ ၂၀၁၀ ခုနှစ်ဇူလိုင်လ၁ရက်မှစက်တင်ဘာလ ၃၀ ရက်နေ့၊ တနင်္လာနေ့–စနေနေ့များအထိ လုပ်ဆောင်သွားမည်ဖြစ်သည်။အခြားအဖွဲ့(၃)ဖွဲ့ကနိုင်/စစ်လုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်ရန်အောက်ပါနေ့ရက်များ၌ တနင်္လာနေ့–သောကြာနေ့အထိ နယ်မြေအခု (၂၀)မှပြည်နယ်အလုပ်အကိုင်ခန့်ထားရေးရုံးများတွင်ဝန်ဆောင်မှုလုပ်ငန်းဌာနများကို ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

| အလယ်ပိုင်းနှင့် အနောက်ပိုင်း ဒေသများ (၂၀၁၀ ဇူလိုင်လ ၅ – စက်တင်ဘာလ ၂၂) | |
|---|---|
| နွန်ထဘူရီ (Nonthaburi) | ၂၀၁၀ ဇူလိုင်လ ၅–၉ |
| ပထုမ်ဌာဏီ (Pathumthani) | ၂၀၁၀ ဇူလိုင်လ ၁၂–၂၃ |
| စမွတ်ပရာကန် (Sumut Prakarn) | ၂၀၁၀ ဇူလိုင်လ ၂၈– ဩဂုတ်လ ၁၁ |
| နခွန်ပထုမ် (Nakorn Prathom) | ၂၀၁၀ ဩဂုတ်လ ၁၆–၃၀ |
| အယုဒ္ဓယ (Ayutthaya) | ၂၀၁၀ စက်တင်ဘာလ ၁–၁၀ |
| ပရာချွပ်ခီရီခန် (Prachuapkhirikhan) | ၂၀၁၀ စက်တင်ဘာလ ၁၃–၂၂ |

| မြောက်ပိုင်း၊အရှေ့မြောက်ပိုင်း နှင့် အလယ်ပိုင်းဒေသများ |
|---|

[၂] ဤသတင်းသည်နိုင်ငံခြားသားအလုပ်သမားများအုပ်ချုပ်ရေးရုံး၏သဘောတူစာချုပ်မူကြမ်းစာအမှတ် ရောင်ငါ၀၃၀၇/၁၀၅၂၈စာရက်စွဲ၊၂၀၁၀ဇွန်လ၂၄မှထွက်ပေါ်လာခြင်းဖြစ်သည်။သဘောတူစာချုပ်မူကြမ်းအရ ဘန်ကောက်မြို့တွင်း ဟုမ်းအင်တောင်းတွင် လာအို နိုင်/စစ် ဆောင်ရွက်မှုအားဇူလိုင် ၁ ရက် ၂၀၁၀ နေ့တွင်စတင်ရမည်ဖြစ်သည်။သို့သော်ထိုအစီအစဉ်ကို၂၀၁၀ဇူလိုင်လလယ်ကျော်သည်အထိ ရွှေ့ဆိုင်း ထားခဲ့ပါသည်။

| (၂၀၁၀ ဇူလိုင်လ ၅ – စက်တင်ဘာလ ၃၀) | |
|---|---|
| တာ့ခ် (Tak) | ၂၀၁၀ ဇူလိုင်လ ၅–၈ |
| လမ်ပန် (Lampang) | ၂၀၁၀ ဇူလိုင်လ ၁၂–၂၁ |
| နခွန်ရာချစီမာ (Nakornratchasrima) | ၂၀၁၀ ဇူလိုင်လ ၂၈–သြဂုတ်လ ၆ |
| ခွန်ကဲန် (Khon Kaen) | ၂၀၁၀ သြဂုတ်လ ၁၆–၂၀ |
| ဥုဒုန်ဌာဏီ (Udonthani) | ၂၀၁၀ သြဂုတ်လ ၂၃ – စက်တင်ဘာလ ၃ |
| နခွန်ပနုမ် (Nakornpanom) | ၂၀၁၀ စက်တင်ဘာလ ၆–၁၀ |
| စမွတ်စာခွန်(အလယ်ပိုင်းဒေသ) (Samut Sakorn) | ၂၀၁၀ စက်တင်ဘာလ ၁၃–၃၀ |

| အရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသများ (၂၀၁၀ ဇူလိုင်လ ၅ – စက်တင်ဘာလ၂၉) | |
|---|---|
| ချချင်းစောင်း (Chachoengsao) | ၂၀၁၀ ဇူလိုင်လ ၅–၉ |
| ချွန်ဘူရီ (Cholburi) | ၂၀၁၀ ဇူလိုင်လ ၁၂–၃၀ |
| ရယောင်း (Rayong) | ၂၀၁၀ သြဂုတ်လ ၂–၂၇ |
| ချွမ်ဖွန် (Chumporn) | ၂၀၁၀ သြဂုတ်လ ၃၀ – စက်တင်ဘာလ ၃ |
| စူရဌာဏီ (Suratthani) | ၂၀၁၀ စက်တင်ဘာလ ၆–၂၀ |
| နခွန်စီထမရတ် (Nakornsrithammarat) | ၂၀၁၀ စက်တင်ဘာလ ၂၂–၂၆ |
| စုန်ခလာ (Songkhla) | ၂၀၁၀ စက်တင်ဘာလ ၂၈–၂၉ |

**ကမ္ဘောဒီးယားနှင့် လာအို နိုင်/စစ်လုပ်ငန်းစဉ်အား ပိုမိုသိရှိလိုပါက ၀၂–၅၃၂၃၃၀၃–၅ (သို့) ၀၂–၅၃၂၃၂၈၈ တို့ရှိ နိုင်/စစ်ဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

- **၂၀၀၉–၂၀၁၀ ခုနှစ် အတွင်း နိုင်/စစ် နောက်ဆုံးအချက်အလက်များ**

| နိုင်ငံသား | ၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ် ဆောင်ရွက်နိုင်သည့် ရွှေ့ပြောင်းသူများအရေအတွက် (အလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်ရရှိထားသူများ) | ၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ် လုပ်ငန်းစဉ် ဆောင်ရွက်ပြီးစီးသည့် ရွှေ့ပြောင်းသူများ အရေအတွက် * | ၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ်လုပ်ငန်းစဉ် လျှောက်ထားခဲ့သော်လည်းပြီးစီးမှု မရှိသေးသည့် ရွှေ့ပြောင်းသူများ အရေအတွက် | ၂၀၀၉–၂၀၁၀ ခုနှစ်အတွင်း နိုင်/စစ် လုပ်ငန်းစဉ်မလုပ်ဆောင်သည့် ရွှေ့ပြောင်းသူများ အရေအတွက် |
|---|---|---|---|---|
| ကမ္ဘောဒီးယား | ၁၂၄,၉၀၂ | ၇၀,၇၉၀ | ၂၇,၄၀၀ | ၂၆,၇၁၂ |
| လာအို | ၁၁၁,၀၃၉ | ၅၈,၄၃၀ | ၅၂,၆၀၉ | ၀ |
| မြန်မာ/ဗမာ | ၁,၀၇၉,၉၉၁ | ၈၀,၄၃၅ | ၇၅၂,၅၇၈ | ၂၄၆,၉၇၈ |
| စုစုပေါင်း | ၁,၃၁၅,၉၃၂ | ၂၀၉,၆၅၅ | ၈၃၂,၅၈၇ | ၂၇၃,၆၉၀ |

| နိုင်ငံသား | ၂၀၀၆ ခုနှစ်မှစ၍ နိုင်/စစ် လုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးသော ရွှေ့ပြောင်းအလုပ်သမားများ အရေအတွက် စုစုပေါင်း | | | | |
|---|---|---|---|---|---|
| | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ | ၂၀၀၉–၂၀၁၀* | စုစုပေါင်း |
| ကမ္ဘောဒီးယား | ၃၇,၃၂၉ | ၈,၂၉၉ | ၅,၀၃၇ | ၇၀,၇၉၀ | ၁၂၁,၄၅၅ |
| လာအို | ၄၃,၆၅၇ | ၁၂,၅၀၂ | ၁၆၇ | ၅၈,၄၃၀ | ၁၁၄,၇၅၆ |
| မြန်မာ/ဗမာ | ၀ | ၀ | ၀ | ၈၀,၄၃၅ | ၈၀,၄၃၅ |
| စုစုပေါင်း | ၈၀,၉၈၆ | ၂၀,၈၀၁ | ၅,၂၀၄ | ၂၀၉,၆၅၅ | ၃၁၆,၆၄၆ |

* အချက်အလက်များကို ၂၀၁၀ မေလ ၁၂ ရက်နေ့ တွင် အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားသားအလုပ်သမားများ အုပ်ချုပ်ရေးရုံးမှ ကောက်ယူထားခြင်း ဖြစ်ပါသည်။

## အခြားသတင်းများ

- **လူကုန်ကူးခံရသူများအတွက်ယာယီနေထိုင်ခွင့်နှင့် ယာယီအလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်**

၂၀၁၀ခုနှစ်မေလ၄ရက်နေ့တွင်ဝန်ကြီးအဖွဲ့သည်လူကုန်ကူးခံရသူ နိုင်ငံခြားသားအလုပ်သမားများအတွက်အစိုးရတရားလိုရှေ့နေများမှ ပြစ်မှုကျူးလွန်သူများအားတရားစွဲဆိုခြင်း၊ဆေးကုသခြင်း၊ ပြန်လည်ထူထောင်ခြင်း နှင့်ရပိုင်ခွင့်များတောင်းဆိုခြင်းတို့ဆောင်ရွက်နေချိန်အတွင်းထိုင်းနိုင်ငံအတွင်းယာယီ

နေထိုင်ခွင့်နှင့်ယာယီအလုပ်လုပ်ကိုင်ခွင့်ခွင့်ပြုသောဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ဝန်ကြီးအဖွဲ့မှလူကုန်ကူးခံရသူများ၏အခြေအနေများအပေါ်မူတည်၍ ယာယီနေထိုင်ခွင့်နှင့်ယာယီအလုပ်လုပ်ကိုင်ရန်ခွင့်ပြုချက်ထုတ်ပေးရေး စည်းမျဉ်းများသတ်မှတ်ရန်ပြည်ထဲရေးဝန်ကြီးဌာန၊လူမှုဖွံ့ဖြိုးရေးနှင့်လူသားများဘဝ လုံခြုံရေးဝန်ကြီးဌာန (Ministry of Social Development and Human Security)နှင့်အလုပ်သမားဝန်ကြီးဌာနစသည့်သက်ဆိုင်သောဝန်ကြီးဌာန(၃)ခုအားတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများအတွက်အသိပေးကြေငြာချက်ကို ရွှေ့ပြောင်းအလုပ်သမားများအစီအစဉ်၊ အိုင်အိုအမ် ထိုင်းနိုင်ငံရုံးခွဲ မှထုတ်ဝေသည်။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုံး −၀၂−၃၄၃၉၃၀၀၊ ဖက်စ် −၀၂−၃၄၃၉၃၉၉၊ (သို့မဟုတ်) e-mail: *migrantnews@iom.int*. သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။